စ မွ ၊ တ လွ စ ၁ င ပ



# ထို့ကြောင့်

**ဝင်းဝင်းမြင့်**
[နှင်းတော်ရွှေ]

## ကျွန်မနှင့် ထိုကြောင့်

ထိုကြောင့် အမည်ဖြင့် စာအုပ်ကလေးတစ်အုပ် ဖြစ်လာရခြင်းဖြစ်သည်။ ကျွန်မအတွက်တော့ မအိပ်ဘဲနှင့် ဝမ်းသာကြည်နူးဖွယ် အိပ်မက်လှလှလေး မက်ခွင့်ရလိုက်ခြင်း ဖြစ်ပါသည်။

ကျွန်မ၏ အသက်မွေးဝမ်းကျောင်းအလုပ်သည် စာသင်သောအလုပ် ဖြစ်သောကြောင့် ကျွန်မ၏ စိတ်အာရုံသည် ကလေးများထံမှာ တစ်ရစ်ဝဲဝဲ ရှိခဲ့ရပါသည်။ ကျွန်မ၏ ကလေးများ တဖြည်းဖြည်းနှင့် လူငယ်ဖြစ်သွားသောအခါမှာလည်း လူငယ်များ၏ ရင်ခုန်သံစည်းချက်မှာ ကျွန်မ၏ စိတ်အာရုံက ဝင်ရောက်ကခုန်ပြန်ပါသည်။ သူတို့တွေလူကြီးဖြစ်ပြီး ကျွန်မကို စွန့်ခွာသွားကြပြန်တော့ သူတို့၏ ကလေးများက ကျွန်မ၏ ကလေးများဖြစ်ရပြန်ပါသည်။ လူငယ်နှင့် ကလေးတို့၏ သံသရာတွင် ကျွန်မသည် သူတို့နှင့်အတူ ပျော်ရွှင်ခဲ့ရပါသည်။ စိတ်ညစ်ခဲ့ရပါသည်။ ကျွန်မသည် သူတို့၏ အမှားအမှန်များ၊ သုခဒုက္ခများ၊ ကြည်နူးပီတိများ၊ ကြေကွဲနောင်တများကို ထပ်တူထပ်မျှနီးပါး မျှဝေခံစားခွင့်ရခဲ့ပါသည်။ ထိုအကြောင်းအရာများကို ကျွန်မ ဝါသနာတိမ်းညွှတ်ရာ စာပေဥယျာဉ်ကြီးတွင် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုပွင့်ဖူးများအဖြစ် ဝေဆာခွင့်ရခဲ့ပြန်ပါသည်။

မများလှသော ကျွန်မ၏ အတွေ့အကြုံတို့တွင် ကျွန်မ ဖန်တီးရေးဖွဲ့ချင်သောစာမှာ ကလေးများ၏ အကြောင်းသာ ဖြစ်ပါသည်။ သီးသီးသန့်သန့် စာအုပ်ကလေးတစ်အုပ်လည်း ထုတ်ချင်ခဲ့ပါသည်။ သို့သော် ခပ်ညံ့ညံ့ကျွန်မက စိတ်နောက်လက်ပါစာမရေးဖြစ်ခဲ့ပါ။ ကျွန်မ၏ ကလောင်အမည်ကလေးပင် ပျောက်ကွယ်လုနီးပါး စာရေးပျက်ကွက်ခဲ့ပြီး

စာသင်ခြင်းသံသရာတွင်သာ ဝဲဝဲလည်နေခဲ့ပါသည်။

ကျွန်မက စာဖတ်ပရိသတ်များက စာမရေးတော့ဘူးလားဟု မေးလာသောအခါမှာတော့ ဝမ်းနည်းရပါသည်။ ဆရာသမားများက ရေး... ရေး ... ဟု တိုက်တွန်းသောအခါမှာတော့ 'ဟုတ်ကဲ့... ဟုတ်ကဲ့'ဟု ဖြေရပါသည်။ ရေးဖော်သူငယ်ချင်းများက စာမူဇွတ်တောင်ပြီး ရေးဖြစ်အောင် ဝိုင်းဝန်းပံ့ပိုး

ကြပေမယ့် ကျွန်မ၏ ဝီရိယက နိုးထမလာသေး။ ကျွန်မကိုယ်ကျွန်မ စာပေနှင့် မည်သို့ပတ်သက်ရမှန်း မသိရလောက်အောင်ပင် အလှမ်းဝေးနေမိပါသည်။

မှတ်မှတ်ရရ ဆရာတော် အရှင်ဆန္ဒာဓိကနှင့် ဆရာတော် ရဝေနွယ်(အင်းမ)တို့ မန္တလေးသို့ ကြွရောက်လာပြီး မန္တလေးမှ စာရေးဆရာများကို တွေ့ဆုံချီးမြှင့်သောနေ့က ကျွန်မကိုယ်ကျွန်မ ပြုပြင်ရန် ဆုံဖြတ်ခဲ့ပါသည်။

'ဒကာမကြီး ဝင်းဝင်းမြင့် စာပြန်ရေးပါ။ ရေးဖြစ်အောင်ရေးပါ။ စာရေးတယ်ဆိုတာ ပညာဒါန၊ ရသဒါန၊ တစ်မျိုးပါပဲ။ ကိုယ့်ပါရမီနဲ့ ကိုယ့်ဝီရိယနဲ့ လုပ်နိုင်သလောက် လုပ်ခဲ့ပြီးတာတွေကိုလည်း ပြန်ကြည့်ပါ။ ဆက်လုပ်ပါ။ ဒကာမကြီးစာမရေးတာကို ဆရာတို့ကရော ဘာမှ မပြောဘူးလား'

ဆရာတော် အရှင်ဆန္ဒာဓိက၏ တိုက်တွန်းအားပေး အမေးစကားသည် ကျွန်မ၏ အိပ်ပျော် နေသော ဝီရိယကို ပြန်လည်နိုးကြားစေခဲ့ပါသည်။ ကျွန်မကြောင့် ကျွန်မ၏ ဆရာသမားများ၊ စာဖတ်ပရိ သတ်များကို ထိခိုက်စေ၍ မဖြစ်နိုင်တော့ပါ။ ထို့ကြောင့် ကျွန်မစာရေးရန်ကြိုးစားရပါသည်။ သို့ရာတွင် ကျွန်မ ကိုယ့်လက်ကိုယ်အားမရတော့ပါ။ ဝမ်းနည်းခဲ့ရပါသေးသည်။

နောက် မှတ်မှတ်ရရ တစ်ခုကတော့ ပြင်ဦးလွင် ထန်းရိပ်ညို ပန်းချီစံအိမ်ကလေးမှာ ဖြစ်ပါသည်။ ပန်းချီဆရာကြီး ဦးမျိုးခင် (ထန်းရိပ်ညို)၊ ဆရာမမြို့သာမရာထို၊ ဆရာဒေါက်တာ အောင်ကြီးနှင့် မမဂျူးတို့၏

စာပေစကားဝိုင်းမှာ ဖြစ်ပါသည်။ ကျွန်မ၏ စာရေးလက်ရာ ပျက်သွားပါပြီ ဟု ယူကျုံးမရပြောမိသောအခါ ‘ဘာဖြစ်လို့မရေးတတ်ရတော့မှာလဲ။ ကိုယ် သေသေချာချာ ခံစားနိုင် ခဲ့တဲ့ ကလေးတွေ၊ လူငယ်တွေအကြောင်းကိုပဲ စပြီး ပြန်ရေးပေါ့။ ဒါ ကိုယ့်လိုင်းပဲ’ဟု ဝိုင်းဝန်း အားပေးကြပြန်ပါသည်။

သို့နှင့် ကျွန်မ၏ ‘ထို့ကြောင့်’ ဖြစ်ပေါ်လာခဲ့ရပါသည်။

ကျွန်မ ‘ထို့ကြောင့်’သည် စိတ်ကူးယဉ် ဖန်တီးမှုများမဟုတ်ခဲ့ရပါ။ မမေ့နိုင်စရာ အတွေ့အကြုံ များ၊ ဝမ်းနည်းကြေကွဲဖွယ်များ၊ မျှော်လင့်ချက်များကို ရေးတတ်သလို ရေးဖွဲ့မိခြင်းသာ ဖြစ်ပါသည်။ ရေးနေစဉ်မှာတော့ ကျွန်မ၏ ထို့ကြောင့်ဇာတ်ကောင်များနှင့်အတူ သတိတရရှိနေမိသူကတော့ ကျွန်မ၏ မမနှင်း(ဆရာမကြီး ဒေါ်နှင်းနှင်းမော်) ဖြစ်ပါသည်။ ကျွန်မ၏ စာသင်သက်တမ်းတလျှောက် မှာ ကလေးများအတွက်၊ အနာဂတ်အတွက် မျှော်မှန်းချက်ကြီးကြီး၊ ဝီရိယကြီးကြီး၊ စိတ်ကူးကောင်း ကောင်းနှင့် ရိုးသားစွာ ကြိုးသားမြှုပ်နှံနိုင်ပုံ စွမ်းဆောင်မှုများကိုလေးလည်းလေးစားခဲ့ရ၊ အတုလည်း ယူခဲ့ရသည့် ကျွန်မ၏ ဆရာမဖြစ်ပါသည်။ မမနှင်း၏ စိတ်ဝိညာဉ်ပူးကပ်၍ ရေးခဲ့သော ကျွန်မ၏ ‘ထို့ကြောင့်’များကို ကျွန်မကျေနပ်အားရခဲ့ပါသည်။ ကလောက်တစ်ချောင်းကပေးသော ယုံကြည်မှုကို ကျွန်မပြန်လည်ရရှိခဲ့ပါသည်။ ‘ထို့ကြောင့်’သည် ကျွန်မလျှောက်လှမ်းမည့် စာပေခရီး၊ ဘဝခရီးအတွက် အရေးကြီးသော အမှတ်တရ မှတ်တမ်းများ ဖြစ်ပါသည်။

‘ထို့ကြောင့်’ကို ကျွန်မ teen (ဖူးငုံဆယ်ကျော်သက်မဂ္ဂဇင်း) သို့ ပို့ပါသည်။ ကျွန်မ၏ စာသင် လုပ်ငန်းအတွက်၊ ကျွန်မ၏ ကလေးများအတွက်၊ လူငယ်များအတွက် teen အမှတ်( ၁)မှစ၍ ကျွန်မလေ့လာဖတ်ရှုခဲ့ရပါသည်။ အမြင်သစ်၊ အတွေးသစ်များရယူခဲ့ရပါသည်။ စိတ်ခွန်အား ပညာအား များလည်း ရခဲ့ပါသည်။ teen ကိုဖတ်မှတ်လေ့လာရင်း ကျွန်မကိုယ်တိုင် teen ၏ ကလောင်တစ်ချောင်း ဖြစ်ခွင့်ရချင်ခဲ့ပေမယ့် ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် teen

မဂ္ဂဇင်း ၊ အမှတ်(၆၄) သို့ ရောက်မှသာ ကျွန်မ၏ လက်ရာကလေး 'ထို့ကြောင့်' ပါဝင်ခွင့်ရခဲ့ပါတော့သည်။

ပထမပိုင်း တစ်ပုဒ်၊ နှစ်ပုဒ်၊ သုံးပုဒ်၊ လေးပုဒ်လောက်တော့ အရှိန်ပြင်းပြင်း အားကောင်း ကောင်းနှင့် ရေးဖြစ်ခဲ့ပါသေးရဲ့။ နောက်လေးငါးခြောက်ပုဒ်လောက် ရောက်လာသောအခါမှာတော့ စာမေးပွဲနီးနေလို့၊ မေးခွန်းလုပ်နေရလို့၊ စာမေးပွဲတွေစစ်နေရလို့၊ နေမကောင်းလို့ ... 'လို့'ပေါင်းများစွာ အကြောင်းပြ၍ အပျင်းစိတ်မိုက် အကျင့်ဆိုးက ပြန်ပေါ်လာခဲ့ပြီး အရေးနောက်ကျခဲ့ပြန်ပါသည်။

'ဆရာမ မအားတာကျွန်တော် သိတယ်။ စောင့်လည်းစောင့်ပေးနိုင်ပါတယ်။ ဒါပေမယ့် သရုပ်ဖော်ပုံကတော့ အချိန်ပေးပြီးအပ်နိုင်မှ ကောင်းကောင်းလေးရတာ ။ သရုပ်ဖော်ပုံ လှလှပပလေးနဲ့ ဖြစ်စေချင်လို့ပါ'

ကလေးဆိုးဆိုးများကို ချိုသာသောစကားနှင့် ဆုံးမခဲ့ဘူးသော အကျိုးကျေးဇူးကြောင့်ပေလား မသိ။ အိမ်စာမပြီးသော စာရေးဆရာမဆိုးဆိုးကို စိတ်ရှည်သည်းခံသော တာန်ခံအယ်ဒီတာ ဦးမျိုးမြင့်ငြိမ်းက 'ထို့ကြောင့်' စာအုပ်ကလေးတစ်အုပ်စာ ရရှိနိုင်ရန် ဖေးမကူညီခဲ့ပါသည်။

စာအုပ်တစ်အုပ်စာ အရမီကတည်းကပင် စာအုပ်အဖြစ်မြင်ချင်ဇောက ကြီးလှပြီ။ ဆရာ ဦးဝင်းငြိမ်းလည်း နားပူလှပါပြီ။ ကိုလင်းလည်းအလုပ်များရပါပြီ။ ရွှေစာစီစာရိုက်အဖွဲ့လည်း မနားတမ်း လှုပ်ရှားရပါပြီ။ ဝင်းဝင်းမြင့်( နန်းတော်ရှေ့)၏ 'ထို့ကြောင့်'သည် ထိုသို့သော ဝိုင်းဝန်းစောင့်ရှောက်မှုများ ကြောင့်သာ စာဖတ်ပရိသတ်ရှေ့သို့ ရောက်ရှိလာရခြင်း ဖြစ်ပါသည်။


'ထို့ကြောင့်'အတွက် ကျေးဇူးတင်စကားပြောရမှာပင် အားနာစရာကောင်းလှပြီး အခြားစကား လုံးလည်း

မရွေးချယ်တတ်သောကြောင့်သာ အားလုံးအားလုံးကို ကျေးဇူးစကားဖြင့်သာ ဂါရဝပြုရပါသည်။

ကျေးဇူးဆပ်သောအားဖြင့် ကျွန်မ စာများများရေးရန် ဆုံးဖြတ်လိုက်ပါသည်။

**ဝင်းဝင်းမြင့် (နန်းတော်ရှေ့)**

***



## ထို့ကြောင့်-၁

**ပျောက်သွားခဲ့ဖူးသော**

**အစက်ကလေးစက်သည် အံ့သြဖွယ်ကောင်းစွာ**

**ကျွန်မ၏ တူမကလေးဖြစ်နေခဲ့ပါသည်။**

၁။သချာ်နှင့်ပတ်သတ်သော သင်္ကေတများစွာထဲမှ ‘ထို့ကြောင့်’ အဓိပ္ပာယ်ရသော အစက်ကလေး သုံးစက်ကို ကျွန်မ ချစ်ခင်မြတ်နိုးလှပါသည်။

ခက်ခက်ခဲခဲ ပုစ္ဆာများကို ကြိုးစားပမ်းစားတွက်ပြီး ‘ထို့ကြောင့်အဖြေ’ဟု အစက်ကလေးသုံး စက်ကို ရေးရတာ အရသာတွေ့လှသည်။ ဘာကြောင့်မှန်းမသိ။

ကျွန်မ၏ အကျင့်တစ်ခုက ဘောပင်လ် နှင့်စာရွက် လွယ်လွယ်ကူကူရှိလျှင် အလကားနေရင်း 'ထို့ကြောင့်' အစက်ကလေးသုံးစက်ကို သူ့အလို လို ရေးနေမိလျက်သား ဖြစ်နေတတ်သည်။ တစ်နေ့မှာတော့ အပေါ်ဆုံးက အစက်ကလေး တစ်စက်၊ အောက်ကအစက်ကလေးတစ်စက် ရေးပြီး ချက်ချင်းထလုပ်မှဖြစ်မည့် အလုပ်တစ်ခုပေါ် လာသည်။ အစက်ကလေးနှစ်စက်ကို ထားပစ်ခဲ့ပြီး အလုပ်ထလုပ်လိုက်ရသည်။ အားလုံးပြီး၍ စားပွဲခုံကို ပြန် ရောက်တော့ တစ်နေရာစာလပ်နေသော အစက်ကလေးနှစ်စက်ကြောင့် ကျွန်မ၏ အာရုံပေါ်တွင် အတွေးတိမ်များ ရိပ်ရိပ်ပြေးတော့သည်။

ကြည့်စမ်းပါတော့လေ။ အစက်ကလေးတစ်စက် လျော့ကာမျှ သင်္ကေတမှာအင်္ဂါမစုံတော့။ ရေးလက်စ အစက်ကလေးနှစ်စက်သည်ပင် အဓိပ္ပာယ်ပျောက်သွားသည်။ ထိုအတွေးကြောင့်ပေလား မသိ 'ထို့ကြောင့်'၏ ဝါးမျိုခြင်းကို ကျွန်မခံလိုက်ရလေပြီ။ ကျွန်မဘဝ၏ အရေးကြီးဆုံး ပြေးလမ်း တစ်သွယ်က ထိုအစက်ကလေးသုံးစက်ပေါ်မှာ ရှိနေသောကြောင့်ပင်။

ကျွန်မ၏ ပြေးလမ်းက 'စာသင်သော အလုပ်' မာရသွန် ပြေးလမ်းရှည်ကြီးလေ။ ဦးခေါင်း တစ်လုံးထံက 'ပညာ'များကို အခြားသူတစ်ဦး၏ ဦးခေါင်းထဲသို့ ပြောင်းရွှေ့ပေးရသော အလုပ်ကို စာသင်ခြင်းဟု အဓိပ္ပာယ်ဖွင့်မည်ဆိုလျှင်တော့ ဦးခေါင်းနှစ်လုံးနှင့် မပြီးနိုင်။ စိတ်နှစ်စိတ်၊ နှလုံးသား တစ်စုံနှင့်လည်း မလုံလောက်။

ကလေးတစ်ယောက်စီအတွက် အရေးကြီးသော အချက်အလက်များသည် အနာဂတ်အတွက် အရေးကြီးလှသော ရင်းနှီးမြှုပ်နှံမှုများကိုတော့ ကလေးတစ်ယောက်၏ ဘဝအတွက် သုံးနားညီတြိဂံ လေးတစ်ခုဖြစ်ရန် အစက်ကလေးသုံးစက်လိုအပ်ပါသည်။ ဒါပေမယ့် အစက်ကလေးတစ်စက်ပျောက် နေသောအခါတွင်

***

၂။ ပျောက်သွားခဲ့ဘူးသော အစက်ကလေးတစ်စက်သည် အံ့သြဖွယ်ကောင်းစွာ ကျွန်မ၏ တူမ ကလေး ဖြစ်နေခဲ့ပါသည်။

ကျွန်မ၏ ဆွေမျိုးတစ်စုသည် သူတို့ကလေးတွေ ကိုးတန်းဆယ်တန်း ရောက်ပြီဆိုလျှင် ကျွန်မကို ရောက်လေရာအရပ်က သတိရလေ့ရှိပါသည်။ ကျွန်မက ‘မကောင်းကျောင်းပို့’ ဟု မခံချင် အောင်ပြောပြီး ကလေးများကို လက်ခံလေ့ရှိသော်လည်း တကယ်တမ်း ကျွန်မ၏ လက်ထဲသို့ ရောက်လာပြီဆိုလျှင်တော့ ထိုကလေးသည် ကျွန်မအတွက် အလွန်အရေးကြီးသော အစက်ကလေး တစ်စက် ဖြစ်သွားပါတော့သည်။

‘သီရိ’ကို တွေ့စက ပျော်ရွှင်ဝမ်းမြောက်ဖွယ် အပြည့်နှင့်ပေါ့။ သင်ကြားရလွယ်၊ အောင်မြင်လွယ် ဖို့ဆိုတာ ကလေးတစ်ယောက်အတွက် ကျိုးပဲ့ပျက်စီးနေသော မိသားစုမှ မဟုတ်ဖို့ အဓိကဖြစ်ပါသည်။ အဖေတစ်ကွဲ အမေတစ်ကွဲဆို ဝမ်းနည်းသိမ်ငယ်မှုကို အခြေခံသောကြောင့် ပြုစုရခက်လှပါသည်။ သီရိ၏ အဖေဖြစ်သော ကျွန်မ၏ တစ်ဝမ်းကွဲအစ်ကိုက အလွန် လူချစ်လူခင်ပေါများသော အောင်မြင် သည့် အရာရှိကြီးကြီး။ သီရိ၏ အမေက အလွန်ရိုး၊ အလွန်အေး အလွန်မိခင်ပီသသူ။ သီရိက တစ်ဦးတည်း သမီးအလိမ္မာကလေး။ စာကြိုးစားသူလေး။ သည်တစ်ပွဲတော့ အစက်ကလေးသုံးစက် မပြည့်စုံစရာမရှိဟု ထင်မှတ်ယုံကြည်ခဲ့သည်။ သို့ရာတွင် ထိုသို့မဟုတ်ခဲ့။

***

၃။ စာသင်နှစ် အစမတိုင်မီကပင် သီရိ၏ မေမေက

ဝိရိယကောင်းခဲ့လေသည်။ ကိုးတန်းစတက် သောနှစ်မှာ သီရိကို သူတို့ရောက်နေသော ပြည်နယ်မြို့သေးသေးလေးမှာ မထား။ ကျွန်မရှိရာ ပြည့်ပြည့်စုံစုံ စာသင်နိုင်သောနေရာသို့ ပြောင်းရွှေ့လာရန် ကြိုးစားခဲ့သည်။ အစီအစဉ်တွေ အလွန် ကောင်းစွာဖြင့် ကျွန်မအလုပ်လုပ်သော ကျောင်းအနီးဝန်းကျင်မှာ ရေမီးအပြည့်အစုံပါသော အိမ်တစ် လုံးကို ငှားလိုက်သည်။ သီရိနေဖို့ပေါ့။ ကျောင်းနီးနီး အိမ်ကောင်းကောင်း အစားအသောက်ကအစ အရာရာပြည့်စုံအောင် စီစဉ်ပုံရပါသည်။

‘ကိုယ်ကလည်း အတူနေပေးဖို့က မလွယ်ဘူးလေ။ ဟိုမှာက ညီမရဲ့အစ်ကိုနဲ့အတူ ပြည်နယ် လုပ်ငန်းတာဝန်တွေကို မမလည်းဦးဆောင်ပြီးလုပ်ရတယ်။ ဒီကိုလာရင်တောင် ခွင့်ယူပြီးလာရမှာ’ဟု ဆိုပြီး သူ့ဘက်က ညီမတစ်ယောက်၊ အိမ် အကူကောင်မလေးတစ်ယောက်နှင့်အတူ သီရိကို ထားခဲ့မည်ဟု ဆိုပါသည်။

‘မမရယ်... သီရိကို အိမ်မှာပဲ ထားခဲ့ပါတော့။ အိမ်မှာ လူလည်းများတာမဟုတ်ဘူး။ အားနာ စရာလည်း မရှိပါဘူး။ ကလေးကို အချိန်ပြည့်စောင့်ရှောက်နိုင်တာပေါ့။ မမလည်း ဟိုမှာ အလုပ်ကို စိတ်ချလက်ချ လုပ်ပေးနိုင်တာပေါ့။ ပြီးတော့ အိမ်ငှားခလည်း မကုန်ဘူးပေါ့’ဆိုတော့...

‘အိမ်ငှားခကတော့ မကုန်ဘူး ညီမရဲ့ ဒီအစီအစဉ်ကလည်း မမရဲ့အစီအစဉ်မဟုတ်ဘူးလေ။ ညီမတို့အစ်ကိုရဲ့ တပည့်တစ်ယောက်က ဒီဇာတိ။ သူက သူ့အိမ်မှာ လာနေပါ။ အစ်ကိုကြီးရဲ့ကျေးဇူး တွေ ကြီးလွန်းလို့ ဒီလိုမှ ကျေးဇူးမဆပ်ရရင် မဖြစ်ပါဘူးဆိုပြီး အဲဒါ သီရိလေးကိုးတန်းရောက်ရင် သူ့အိမ်မှာပဲ နေရမယ်နော်နဲ့ ခဏခဏပြောလို့လေ။ ပြီးတော့ အိမ်ကိုလည်း အားလုံးအသင့်ပြင်ပေး ရှာတာ။ ဘယ်သူနဲ့မှလည်း တွဲမနေရဘူးဆိုတော့ မမလာရင်လည်း လွတ်လွတ်လပ်လပ် နေလို့ရတယ် ဆိုပြီး စီစဉ်လိုက်ရတာ ’ဟု ဆိုပါသည်။

အိုး… တော်လိုက်တဲ့တပည့်။ ဒါလောက်ကြီး သိတတ်နေမှတော့ နေလိုက်၊ နေလိုက်ဟု စိတ်ထဲမှပြောပြီး ပြုံး၍ ခေါင်းညိတ်ပြရုံမျှလွဲ၍ ကျွန်မဘာမှမလုပ်နိုင်။ ကလေးကို အနည်းဆုံး တစ်ပတ်တစ်ခါတော့ သွားကြည့်ပေးပါမည်ဟုသာ ကတိပေးလိုက်ရပါတော့သည်။ ထိုအချိန်တုန်းက ကျွန်မ၏ တူမကလေးကို အဒေါ်တစ်ယောက်အနေနှင့်ရော ဆရာမတစ်ယောက်အနေနှင့်ပါ စောင့် ရှောက်ခွင့် ရလိမ့်မည်ဟု မှတ်ထင်ထားဆဲ။

***

၄။ မမပြန်သွားပြီး မကြာခင် သီရိထံ ကျွန်မရောက်သွားသည်။ သူ့အိမ်သို့မရောက်မီ လှမ်းလှမ်း ကတည်းက အိမ်ရှေ့မှာ ကားတစ်စီးရပ်ထားပြီး လူအဝင်အထွက်တွေကို လှမ်းမြင်နေရသည်။

‘ဘယ်သူတွေပါလိမ့်’

ကျွန်မလှမ်းဝင်သွားသောအခါ အလေးအပင်ပစ္စည်းတစ်ခုကို လူသုံးလေးယောက် ဝိုင်းမလို့။ မီးကြိုးတွေရှုပ်လို့။ သီရိအဒေါ်က…

‘ဆရာမ… ဒါလေ သီရိအတွက်တဲ့။ ရေခဲသေတ္တာနဲ့ တိဗွီကလေး လာလုပ်ပေးနေကြတာ’ ဟု ဆိုပါသည်။

ကျွန်မ မျက်မှောင်ကုတ်လျက်…

‘ကိုကိုတို့ ကလေးကို ဒါလောက် အလိုလိုက်ကြတာလဲ’ဟု ဆိုတော့…

‘အဲ … မဟုတ်ဘူး။ ဒီကိစ္စကို အစ်ကိုကြီးတို့တောင် မသိသေးဘူး။ ဒါလေအစ်ကိုကြီးရဲ့မိတ် ဆွေတွေထဲက တစ်ယောက်ပေါ့။ အစ်ကိုကြီးအတွက် လက်ဆောင်ပိုဖို့ဝေးနေလို့တဲ့။ သီရိအတွက်ဆိုပြီး လာလုပ်ပေးနေတာ’ တဲ့။

'ကောင်းပ့ါ၊ ကောင်းပ့ါ။ အဖေတောင် မသိသေးတဲ့ လက်ဆောင်ပစ္စည်းနဲ့ သမီးက အမွေ ဆက်ခံ စံစားရမယ်ဆိုတော့ ငါ့တူမလေး ကံကောင်းလှချည်လား'ဟု စိတ်နှင့်ရေရွတ်ပြီး နှုတ်ကတော့ ထိုလက်ဆောင်ရှင်များကို ကိုကို့ကိုယ်စား ကျေးဇူးတင်စကား ဆိုခဲ့ရသေး။ သီရိကိုတော့...

'သမီး ရေခဲသေတ္တာကတော့ ထားပါတော့။ သမီးက ရေဆိုအေးမှ သောက်ချင်တာလို့ ပြောမိလို့။ တီဗွီကိုတော့ တစ်ချိန်လုံး ကြည့်မနေရဘူးနော်'ဟု ဝက်အူတစ်ရစ် စ၍ ကျပ်ခဲ့ရသည်။

***

၅။ ကျောင်းတွေဖွင့်သောအခါ သီရိအတွက် ညဦးပိုင်း စာကူကျက်ပေးမည့် ဆရာမလေးတစ် ယောက်ရှာရဦးမည်။ လိုသောဘာသာများအတွက်လည်း အထူးတလည်သင်ပေးရဦးမည်ဟူသော ဇောနှင့် အလုပ်တွေ ရှုပ်နေသည့်ကြားမှ အပြေးအလွှားသွားရပြန်သည်။ ကျွန်မရောက်သွားသော အချိန်တွင် သီရိဘေး၌ ကျွန်မနှင့် အသက်မတိမ်းမယိမ်း အမျိုးသမီးတစ်ယောက်ကို တွေ့ရသည်။

သီရိမိတ်ဆက်ပေးပုံအရဆိုလျှင် ထိုအမျိုးသမီးသည် အတန်းတော်တော်ကြီးကြီးကို သင်ရသော ဆရာမတစ်ယောက်ပင်ဖြစ်သည်။

'သူက သမီးကို စေတနာနဲ့ စလာသင်ပေးတာ တီလေးရဲ့ပြီးရင် သူ့သူငယ်ချင်းတွေကလည်း သင်ဦးမှာတဲ့'

ကျွန်မ နည်းနည်းတင်းသွားသည်။ ကိုကိုတို့ ဘာတွေလျှောက်လုပ်ကုန်တာလဲ။ လာတုန်းက ကျွန်မထံ။ ကျွန်မ၏ ကျောင်းမှာ

တက်နေဆဲ ကလေးတစ်ယောက်၏ ပညာရေးကို ဘာလုပ်ကြတာလဲ။

‘ဘာလဲကွာ၊ သူကလည်း ညည်းအဖေကို ကျေးဇူးဆပ်ချင်လို့ပဲလား’ဟု ကျွန်မ၏ တူမလေးကို တော့ လွှတ်ခနဲ မေးလိုက်မိတော့သည်။

‘မဟုတ်ဘူး တီလေးရဲ့၊ ဒါ မေကြီးကိစ္စ။ ဒီဆရာမရဲ့မိဘတွေက စီးပွားရေးသမားတွေပေါ့။ မေကြီးဆီမှာ ဘာဆိုလားပဲ လိုချင်တာ၊ မီး မသိပါဘူး၊ အဲလို... အဲလို အဆက်အစပ်နဲ့ မီးကိုလာသင်ပေးတာ’

ကျွန်မကလေးကိုတော့ ဘာမှပြောရက်ပေ။ ကလေးက တကယ်လည်းဘာမှ မသိ။ စာလည်းကြိုးစားရှာသည်။ အကျိုးအကြောင်းကိုတော့ မမထံသို့ ဖုန်းဆက်ရမည်ဟု ဆုံးဖြတ်ခဲ့သည်။ ဖုန်းကခေါ်မရ။ ရပြန်တော့ မမကမအား။ ကိုကိုက ပိုဆိုးသေး။ ညတောင် အိမ်မှာ မရှိတတ်သည့် အလုပ်များကြီး လင်မယားကို ကျွန်မစိတ်မရှည်နိုင်တော့ပေ။ ဟိုဆရာမကိုလည်း ဘာကြောင့်ဖြစ်ဖြစ်စာနာနားလည်ပေးသင့်တယ်ဟု ထင်မိသောကြောင့် သီရိ၏ ပညာရေးကို အစမ်းစာမေးပွဲတစ်ခုပြီးသည်အထိ စောင့်ကြည့်ရန် ဆုံးဖြတ်ခဲ့ရသည်။

***

၆။ အစမ်းစာမေးပွဲအတွက် အမှတ်စာရင်းရသောနေ့တွင် သီရိထက် စိတ်လှုပ်ရှားနေမည့်သူမှာ ကျွန်မသာဖြစ်ပါလိမ့်မည်။ ကျွန်မ သီရိကို မျှော်လင့်ခဲ့သည်။ ဉာဏ်ကောင်းသော၊ စာကြိုးစားသော၊ သင်ကြားရေးမှာ ပြည့်စုံခဲ့သော ကျွန်မ၏ တူမလေး အမှတ်ကောင်းမှာပါ။ ကောင်းပါစေ။

ထိုစာမေးပွဲတွင် ကျွန်မ၏ ဆုတောင်းမပြည့်နိုင်ခဲ့။ မပြည့်ရုံမျှမက သီရိ၏ ရမှတ်များ အလွန့် အလွန် နည်းလှသည်။ စိုးရိမ်ဖွယ်ကောင်းသော အမှတ်များဖြစ်နေ၍ ကျွန်မထူပူသွားသည်။ ထိုကိစ္စအတွက်

ကျွန်မရင်ဆိုင်ရမည့်သူမှာ သီရိ၏ စေတနာ ဆရာမကို ဖြစ်ပါသည်။ 'စေတနာ' အတွက် အမှန်တကယ်ပင် တွန့်ဆုတ်တွန့်ဆုတ် စကားစရသည်။

'သူလည်း လုပ်တော့လုပ်တာပဲ။ ဒါပေမယ့် စာမေးပွဲကို လန့်တဲ့စိတ် ရှိပုံရတယ်။ ကျွန်မရှေ့ မှာတော သီရိစာတွေမရတာ ဘာမှ မရှိဘူးတဲ့'။

'သီရိရဲ့ စာမေးပွဲကြီးကို ရှင်စစ်မှာမှ မဟုတ်ဘဲ'ဟု စိတ်ထဲက ပြောချပစ်လိုက်ပေမယ့် မျက်နှာ အမူအရာ မနှစ်သက်ဟန် မပြရဲ။ရွံ့ပျော့ကလေး သီရိကို ပုံဆိုးပန်းဆိုး ပုံဖော်လိုက်မှဖြင့် အခက်။ ဒီလိုနှင့်ပင် နောက်စာမေးပွဲတစ်ပွဲကို စောင့်ရလိမ့်မည်။ ဒီကြားထဲမှာတော့ သီရိနှင့် ခဏခဏတွေ့နိုင် အောင် ကြိုးစားရပါသည်။

ထိုဆရာမ စာသင်ရှာပါသည်။ စေတနာလည်း ထားရှာပါသည်။ သီရိလည်း ကြိုးစားပါသည်။ ဒါပေမယ့် သီရိမှာ စာသင်ချိန်တွေချည်းသာ တစ်ချိန်လုံး ပြည့်နေသည်။ သင်ပြီးသား စာကိုကျက်ရန် အချိန်မရှိ။ မှတ်မိနေရန် စွဲထင်နေရန် သင်ထားပြီးသားစာကို ကိုယ်ပိုင်အချိန်ထဲမှ ကြိတ်ရချေရဦး မည်ပင်။ ထိုအခွင့်အရေးကို သီရိမှာ မရှိရှာပေ။ ကျွန်မသီရိရှေ့မှ မားမားမတ်မတ်ရပ်ရတော့မည်ဖြစ် ပါသည်။ ဒါပေမယ့် ကိုကိုနှင့် မမကို အားကိုး၍ မရနိုင်။ ပြောပြရမည့် သီရိရာဇဝင်တွေက ရှည်ပါဘိ။ အနီးကပ် စောင့်ရှောက်နေသော မမဘက်က ပါလာသည့် အုပ်ထိန်းသူကို ချဉ်းကပ်ရပါသည်။

***

၇။ 'အမယ်လေး ... အမယ်လေး အဲဒီ ဆရာမကို မလာပါနဲ့လို့ ပြောလိုက်လို့ကတော့ မိသီရိတို့ ကျွမ်းနှစ်ပြန်လောက် ပစ်သွားလိမ့်မည်။ အဲဒီ ဆရာမက သိပ်အသင်ကောင်းတာ။ ဒါ့ကြောင့် နာမည်ကြီး တာပေါ့။ သီရိကို ခဏခဏ ပြောရတယ်။ ညည်းကံကောင်းလို့ ဒီလိုနာမည်ကြီးဆရာမနဲ့ သင်ခွင့် ရတာ

လိ']။

သွားပါလေရော။ အခြေခံပညာပင် အောင်အောင် မသင်ခဲ့သော သီရိတို့အဒေါ်က နာမည် ကြီးကို မက်နေပြန်လေသည်။

'အဲဒီ နာမည်ကြီးက ကလေးကို ဘာလုပ်ပေးနိုင်လို့တုံး'ဟု စိတ်ထဲမှ မေးပစ်လိုက်မိပေမယ့်'...

'ဒီလိုတော့ မဟုတ်သေးဘူး အစ်မရဲ့။ ကလေးနဲ့အံဝင်ခွင်ကျဖြစ်မှ အဆင်ပြေမှာ။ သူ့ကိုလည်း ကျေးဇူးတင်တယ်။ နောက်ပြီး စေတနာကို စော်ကားမိမှာစိုးတယ်လေ။ ဒါပေမယ့် အခု သီရိလေး ဒုက္ခရောက်နေတယ်။ အရေးကြီးတာ ကလေးကို ဝန်မပိဘဲ စာရဖို့ မဟုတ်လား။'

'သီရိကလည်း ရှမ်းတယ်တဲ့'

'အဲဒါ စာမကျေလို့ပေါ့ အစ်မရဲ့။ စာကျေရင် ဘယ်ရှမ်းပါ့မလဲ။ ဘာပဲဖြစ်ဖြစ် သီရိကို ကိုယ်ပိုင်စာကျက်ချိန်ရအောင် လုပ်ပေးရမယ်'

'ကျက်နေတာပဲလေ။ ကျက်တာတစ်ယောက်တည်းတောင် မဟုတ်ဘူး။ ဟိုဆရာမတောင် ကူကျက်နေတာပဲကို'

'အင်း... မယ်သီရိမှာ ဂိတ်တောင်ဆုံးနေရှာပြီ။ ဒီတောင်ကိုကျော်ဖို့ နောက်သက်သေတစ်ခု အဖြစ်' စာမေးပွဲတစ်ခုကိုစောင့်ပြီး အချိန်ဖြုန်းရုံမှတပါး အခြားမရှိ။

'နောက်စာမေးပွဲတစ်ခုတော့ စောင့်ကြည့်ရဦးမှာပေါ့ အစ်မရယ်။ အမှတ်တက်မလာဘူးဆိုရင် တော့ ကျွန်မတို့ တစ်ခုခု အပြောင်းအလဲ လုပ်ပေးမှဖြစ်မယ်ထင်တယ်'ဟု ကျွန်မ မယုတ်မလွန် ပြောရပါသည်။

***

၈။ နောက်စာမေးပွဲတစ်ပွဲ မတိုင်မီ အပြောင်းအလွဲတစ်ခုနှင့် ကြုံရပါသည်။ ထိုနေ့က သီရိတို့ တစ်အိမ်လုံးမှောင်မည်းနေသည်။ ဘေးအိမ်ကို မေးကြည့်တော့ ဆေးခန်းသွားကြသတဲ့။ ကျွန်မဆေး ခန်းသို့လိုက်သွားသောအခါ သီရိကို ငိုကြီးချက်မနှင့် ရုန်းကန်နေတာ တွေ့ရသည်။ ဆေးမထိုးချင်လို့ ငိုသတဲ့။ ကလေးမဟုတ် ဘာမဟုတ် ဒါလောက် ရုန်းကန်နေရသလားဟု ကျွန်မ တစ်ချက်ဟောက် လိုက်တော့ ငြိမ်သွားပြီးဆေးထိုးခံသည်။

'သမီးရဲ့ ခြေဆစ်လက်ဆစ်တွေ ပြုတ်ထွက်တော့မယ်။ သမီးမှာ လေးဘက်နာရှိတယ်။ သမီးအိမ်ပြန်မယ်။ ဆေးလည်း မထိုးချင်ဘူး။ မေမမေ့ကိုခေါ်ပေး'ဟု ကျွန်မကို အဆက်မပြတ် တောင်းဆိုနေသည်။

'မေမေ့ကိုလည်းခေါ်ပေးမယ်၊ ဆေးလည်း မထိုးရဘူး။ မငိုနဲ့'ဟု တစ်ချက်ပြန်ချော့ပြီး ဆယ်ကျော်သက်တို့၏ လေးဘက်နာကိစ္စကို ပထမဦးစွာ သက်သေရှာရန် ကြိုးစားရပါတော့သည်။

ကျွန်မတို့၏ ဆယ်ကျော်သက် သမီးငယ်အများစုအတွက် အကြောင်းတစ်ခုခုပြပြီး ရိုးမယ်ဖွဲ့ရန် အလွယ်တကူ အသုံးပြုလေ့ရှိသောရောဂါမှာ လေးဘက်နာဖြစ်သည်။ ပြီးတော့ နှလုံးရောဂါလိုလို၊ ဘာလိုလိုနှင့် မောလာပြန်ပြီ၊ မူးလာပြန်ပြီ၊ ရင်တွေတုန်ပြန်ပြီ၊ လေးဘက်နာရှိလို့ဟု ဆိုကြသည်။ ပြီးတော့ သူတို့လိုချင်တာ တစ်ခုခုကို ရောဂါအကြောင်းပြပြီး တောင်းဆိုကြသည်။ သူတို့မဖြစ်နိုင်တာ တစ်ခုခုကို အကာအကွယ်ယူကြသည်။ တကယ်ရောဂါဖြစ်စမ်းပါ။ တကယ်ကုလျှင် တကယ်ပျောက်နိုင် ပါလျက်။ ကျွန်မ၏ သူငယ်ချင်း ဒေါက်တာမော်မော်လွင်နှင့်တိုင်ပင်၍ သီရိကိုလိုအပ်သည့် ဆေးစစ်မှုများ လုပ်ပေးလိုက်သည်။

သီရိ ကံဆိုးရှာသည်။ သူ့အကြံမအောင်မြင်။ သူ့မှာဘာရောဂါမှမရှိ။ ကိုကိုနှင့်မမထံသို့ လှမ်း၍ အကျိုးအကြောင်းပြောပြသောအခါ စိတ်တွေဆိုးကြသည်။

'မိဘတွေက ဒါလောက်အလုပ်ရှုပ်နေကြတာ။ သူ့ကို ကောင်းရာကောင်းကြောင်း ဘဝမြှင့်တင်ဖို့ ပို့လိုက်ပါတယ်။ ဘာတွေ အပူရှာနေတာလဲ။ စာသင်ဖို့လည်း မပူရ၊ စား မပူရတဲ့ အခြေအနေမျိုး လိုက်ရှာကြည့်စမ်း။ ပြန်လာခဲ့တော့ ကျောင်းဆက်တက်မနေနဲ့'

ကိုကိုက ဘာမပြောညာမပြော ဒေါသူပုန်တွေထတော့ မရွှေသီရိ ဝမ်းနည်းရပြန်၏ ။

သီရိ၏ စာမရခြင်းအကြောင်းမှာ ရှင်းရှင်းကလေးမှ တဖြည်းဖြည်းနှင့် ရှုပ်ထွေးလာသည်။ ထိုအရှုပ်အထွေးထဲမှ စာသင်စရာတွေကလည်း ထပ်ထပ်၍ ပုံလာသည်။ သီရိကသာ နေမကောင်း ဟန်ဆောင်လိုက်၊ အဖေ့စကားကို ဝမ်းနည်းလိုက်၊ စာတွေကျက်ရင်းနားမလည်လိုက်တွေဖြစ်နေ ပေမယ့် နေ့စဉ်နှင့်အမျှ သင်နေရသော သင်ရိုးညွှန်းတမ်းစာများကတော့ သီရိ၏ ထော့နဲ့ ထော့နဲ့ လမ်းလျှောက်နေရသော ဒုက္ခခြေလှမ်းများကို စောင့်နေသည်မဟုတ်။ သူ့အချိန်နှင့်သူ မှန်မှန် ရှေ့ဆက်သွားနေမြဲ။ သီရိအတွက် မရသောစာထက် မသိသောစာတွေက ပုံတိုက်လာလေသည်။ ထိုအခါ ဝိုးတဝါးဖြစ်နေသော ရည်မှန်းခဲ့သည့်အောင်မြင်မှု ကမ်းစပ်ကလေး ပျောက်ကွယ်စပြုလာသည်။

***

၉။ ကလေးကို နားလည်စာနာစွာဖြင့် ဖေးမကူညီပြီး လမ်းတည့်တည့်ကလေးပေါ်သို့ တင်ပေးရ မည့်အချိန်သို့ ရောက်နေလေပြီ။ တကယ်တော့ သီရိဆိုတာအခြေခံညံ့ခဲ့သော ကလေးမဟုတ်။ အခြေ အနေမှန်ကိုသိသည်နှင့် မြန်မြန်သွက်သွက်ကလေး အစီအစဉ်တွေကို ပြောင်းပစ်လျှင် အချိန်မီနိုင်ပါသည်။ ထိုအကြောင်းအရာများကို ကိုကိုနှင့် မမအား ကျွန်မရှင်းပြပါသည်။ သီရိ၏ စေတနာဆရာမ ကိုလည်းရှင်းပြပါသည်။

သီရိကိုတော့ အားပြည့်ပြည့်ကလေးထည့်ပေးပြီး စည်းရုံးရပါသည်။ ဒါပေမယ့် ပေ့ါပေ့ါပါးပါးနေပြီး စာကိုရှပ်ရှပ်ကလေး ကျက်ခဲ့ရသည့် သက်သာမှုများထဲမှာ နစ်မွန်းခဲ့သည့် သီရိသည် အမှန်တကယ် အလုပ်လုပ်ရပြီဆိုတော့ ထင်သလောက် တက်တက်ကြွကြွမရှိ။ စာကျက်ရတာ ပျင်းလာလျှင် မူးလိုက်မောလိုက်၊ ကျွန်မကလည်း ချော့လိုက်ငေါက်လိုက်။ သူ့စေတနာဆရာမ နှင့်ကတော့ ချောမွေ့လို့ပင်။ သီရိကြိုက်သော ချိုချဉ်ပျော့တွေ။ ချောကလက်တွေ၊ ရေခဲမုန့်တွေ ဝယ်လာပြီး အသင်ကောင်းကောင်းနှင့် သင်နေတော့ ကျွန်မ စိတ်ပျက်သည်။

ကလေးတစ်ယောက်ကို စာရအောင်လုပ်ပေးရတာ နှင့် စာသင်တာမတူပေ။ အမြဲတမ်း စာသင် နေလို့လည်း ကလေးက စာမရတတ်ကြောင်းကို ကျွန်မလည်းသဘောပေါက်တာ မကြာသေး။ ဆရာမ တစ်ယောက် အသင်ကောင်းတယ်ဆိုတာ သင်နေစဉ်မှာသာမဟုတ် ကလေးစာမေးပွဲမှာ တကယ်ဖြေ နိုင်သည်အထိ အာရုံထားနိုင်မှ နှစ်ယောက်စလုံး အောင်မြင်တာ ဖြစ်သည်။ အစက်နှစ်စက် ပြည့်စုံသည်ပေ့ါ။ ဒီတော့ ရပြီးသား စာကလေးတွေကို ကျက်တက်၊ မှတ်တတ်အောင် ကလေးထက် ပို၍ နားလည်သောသူတစ်ဦးက ဦးဆောင်ပေးရသော အလုပ်တစ်ခုက လိုအပ်သောကြောင့်ပင် သူ့အလိုလို လုပ်ငန်းတစ်ခုအဖြစ် ပေါ်လာရတာ ဖြစ်သည်။ ထိုသူကို Study Guide ဟု ဆိုကြသည်။ အချို့ဆရာမနှင့် ဘွဲ့မရသေးသောကလေးများ၊ ဘွဲ့ရပြီး လုပ်ငန်းတစ်ခုအဖြစ် သဘောထားသူများကလုပ်နေကြသည်။ သီရိအတွက် Guide လိုသည်။ ဟိုဆရာမက Guide အတွက် အချိန်မပေး။ သူချည်းသင်နေသည်။ သင်ရခြင်း၏ ရည်ရွယ်ချက်က သူနှင့် သီရိတို့မေမေ လုပ်ထားသော လုပ်ငန်းအတွက် ကျေးဇူးကြွေး ပြန်လည်ဆပ်ပေးရန်။ ကျွန်မပင် လမ်းပျောက်ချင်ချင်။

ဒါပေမယ့် ကျွန်မ အကောင်းဆုံးဖြစ်အောင် ကြိုးစားရပါသည်။ ကျွန်မကိုယ်တိုင်ပင်လျှင် မသင့်မည်စိုးသောကြောင့် အလွန်တော်ပြီး

ကလေးချစ်တတ်သော ကျွန်မ၏ တပည့်မကလေး Guide ဆရာမကို သီရိအတွက် စာကူကျက်ပေးရန် စီစဉ်ပေးနိုင်ခဲ့ရသည်။ ပြီးတော့ ကျွန်မ ခဏခဏသွားကြည့်

ရသည်။ ဟိုဆရာမက သူ့စာသင်ချိန်တွေလျော့သွား၍ စကားပြောလာသည်။ တွေးရပြန်သည်။

တကယ်တော့ သီရိသည် လွန်ကြိုးတစ်ချောင်း မဟုတ်ပေ။ ဟိုဆရာမနှင့် ဒီဆရာမ အပြန်အလှန် အားပြိုင်ကြသည့် အတ္တလွန်ပွဲမှာ သီရိကလေး လွန်ကြိုးဖြစ်သွားရမှာလား။ မဟောသဓါသုခမိန်၏ သားတရားစီရင်ခန်းလို လွှတ်ပေးလိုက်ရအောင်ကလည်း မဖြစ်နိုင်ပါပေ။

ထိုအချိန်မှာ အပြောင်းအလွဲတစ်ခုနှင့် ကြုံရပါသည်။ ကျွန်မ၏ အစ်ကိုနယ်ပြောင်းမိန့် ထွက်ခဲ့ ခြင်းပင်။ ကိုကိုရောက်လာခဲ့သော တိုင်းမြို့ကြီးတစ်မြို့က ကျွန်မတို့နှင့် သုံးနာရီခရီးမျှသာ။ ထိုအခါ မမသည် သီရိထံသို့ ချောင်းပေါက်အောင်လာပါလေတော့သည်။ သီရိကလည်း မျက်နှာများလှ၏ ။ အမေ့ရှေ့တစ်မျိုး၊ အဒေါ်ရှေ့တစ်မျိုး၊ ဆရာမသုံးယောက်ရှေ့ သုံးမျိုး။ အပေါ်ယံခံစားချက်မျိုးနှင့် ကြည့်မည်ဆိုလျှင်တော့ တတ်နိုင်တတ်နိုင်တဲ့ ကလေးမဟု မုန်းချင်စရာ။ ဒါပေမယ့် ကလေးတစ် ယောက်ကို ပြုပြင်သော အလုပ်တစ်ခုအဖြစ် စဉ်းစားလိုက်တော့လည်း ရင်ဆိုင်ကျော်ဖြတ်ရမည့် အခက်အခဲ ပြဿနာ။ အလုပ်သဘောနှင့် စဉ်းစားပြီး စိတ်သက်သာစွာ ဖြတ်သန်းတဲ့အခါ ဖြတ်သန်း ရပြီး ခံစားနားလည်မှုနှင့် အဖြေရှာရသည်များလည်း ရှိတတ်သည့် ကျွန်မ၏ မာရသွန်ပြေးလမ်းရှည် ကြီးမှာ ဘာပဲဖြစ်ဖြစ် သီရိသည် အရေးကြီးသော အစက်ကလေးတစ်စက်သာ ဖြစ်ပါသည်။

'ညီမလေးရယ်။ ကိုကိုက အလုပ်ထဲမှာပဲ နစ်နေတော့ နောင်ရေးကို မမကကူတယ်။ ဘာပဲဖြစ်ဖြစ် အခုဆိုရင် ဟိုဆရာမလေးရဲ့မိသားစုနဲ့ မမ အလုပ်လုပ်ရတာ အဆင်ပြေတယ်။ သူတို့က အရင်းနည်းနည်း လုပ်အားများများ။ မမကအရင်းများများနဲ့ အင်း... လူနာမည်ပေ့ါလေ စိုက်ပြီး လုပ်ငန်း တည်ထားတာ

တော်တော်လေး အောင်မြင်တယ်။ အဲဒါ ဟိုဆရာမလေးကလည်း မမကို ကျေးဇူးတင် လို့လေ။ သီရိကို စောင့်ရှောက်ပေးနေတာဆိုတော့…’

မမက ကျွန်မကို နိဒါန်းတွေ အများကြီးပျိုး၍ စကားဆိုသည်။ လိုတိုရှင်းကတော့ စေတနာကို နားလည်ပေးဖို့။ ကျွန်မ မေးခွန်းပြန်မေး၏ ။

‘မမက သီရိပြဿနာကို ဖြေရှင်းပေးနေတာလား။ မမရဲ့စီးပွားရေးပြဿနာကို ဖြေရှင်းနေ တာလား။ ဘယ်သူ့ကို အစာကျွေးနေတာလဲ’

ထိုမေးခွန်းကို တည့်တည့်ကြီးမေးပစ်လိုက်တာ ကျွန်မ၏ စိတ်ကူးထဲမှာလေ။ အပြင်မှာတော့ အလိုက်သင့် ခေါင်းညိတ်လို့ပေ့ါ။ ချက်ချင်းပင် ကျွန်မနာကျင်သွား၏ ။ သီရိရေ သမီးအတွက် တီလေး အစက်ကောင်းကောင်းလေးတစ်စက် မဟုတ်တော့ဘူး။ လူမှုရေး အလွန်နားလည်တဲ့ ယဉ်ကျေးမှုကို သိတဲ့ မျက်နှာပေးမျိုးနဲ့ ခေါင်းညိတ်မိပြီဟု စိတ်မကောင်းကြီးစွာ တောင်းပန်နေမိပါသည်။

**အစမ်းစာမေးပွဲအတွက် အမှတ်စာရင်း ရသောနေ့တွင်**

**သီရိထက် စိတ်လှုပ်ရှားနေမည့်သူမှာ ကျွန်မသာ**

**ဖြစ်ပါလိမ့်မည်။ ကျွန်မ သီရိကို မျှော်လင့်ခဲ့သည်။**

နောက်တော့… နောက်တော့ သီရိကို မမက ကျောင်းထုတ်ပြီး သူ့အဖေရှိရာတိုင်းမြို့ကြီးကို အပြီးပြောင်းသွားတော့သည်။ ဟိုမှာလည်း သီရိကို ဝိုင်းပြီးစောင့်ရှောက်ကြမည့်သူတွေက ကြိုနေ ကြသတဲ့လေ။

***

၁၀။ ယနေ့အထိ သီရိတို့သားအမိတွေ ကျွန်မကို

မဆက်သွယ်ကြတော့ဘူးဟုဆိုလျှင် ယုံနိုင်ကြပါ မည်လော။ ကျွန်မကိုယ်တိုင်ပင် အိမ်မက်ဟု ထင်မှတ်နေဆဲ။ ကျွန်မတို့၏ အနာဂတ်အတွက် လင်းလက်မည့် အစက်ကလေး သီရိရေ မင်း... ဘယ်မှာလဲ။

**ဝင်းဝင်းမြင့်(နန်းတော်ရှေ့)**

**၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီ၊ ဖူးငုံဆယ်ကျော်သက်မဂ္ဂဇင်း။**

***




ထိုကြောင့်-၂

ချစ်စရာကောင်းသော ကလေးတစ်ယောက်၏။

မျက်နှာသည် အခု မှန်ထဲမှာပေါ်နေသော

ကျွန်မ၏ မျက်နှာလိုပင် သင်ခန်းစာနံပါတ်တစ်ကို

**စူးစမ်းသော မျက်ဝန်းများနှင့်**

**မျက်နှာငယ်ကလေးနှင့် လက်ခံခဲ့သည်။**

ခရမ်းရောင် ခြေနင်းပြားကြီးက အလွန်တင်းမာလှလေသည်။ ခြေဖဝါးနှင့် နင်းပြားကြီး၏ ကြား မှာ အပြာရောင်ဖိနပ်ပါးကလေးသာ ကာမထားခဲ့လျှင် ခြေဖဝါးတော်နုနုခမျာ သွေးခြေဥမည် အသေ အချာပင်။ ရင်တွေကလည်း ဒိတ်ဒိတ်ခုန်၏ ။ ဒီနင်းပြားကိုမှ လှုပ်အောင် မဆွဲနိုင်တော့ဘူးလား။ ဆရာက ပြုံးလျက်...

'ရှေ့လက်နှစ်ဖက်ကို လက်ကိုင်မှာ အားပြုပြီး တွန်းထား၊ ဘယ်ခြေကအားစိုက်ဆွဲ၊ ညာခြေကို ဖိနင်းမထားနဲ့။ ဖွဖွလေး တင်ထား၊ ဟုတ်ပြီ။ ဆွဲ...လျှောက်'ဆိုပြီး စက်ပေါ်က ခလုတ်အစက်ကလေး သုံးစက်ကို နှိပ်ပေးလိုက်သည်။

'လျှောက်ပေတော့'

စက္ကန့်လေးတွေ တဖျတ်ဖျတ် ပြောင်းနေတာပင် စောင့်ရတာ ကြာလှပြီ ထင်၏ ။ လျှောက်လိုက် ရတာ ဘယ်လိုမောမှန်းမသိ။

'တစ်မိနစ်'

'ကဲ... ကဲ ... တော်ပြီ။ တော်တော်မောသွားပြီလား'တဲ့။ ဘယ်လိုမေးလိုက်ပါလိမ့်။

ဘာဆို ဘာမှမလုပ်ဖူး၊ လမ်းကလေးတောင် ဖြစ်ဖြစ်မြောက်မြောက် မလျှောက်ဖူးတဲ့ သူ၏ ပထမခြေလှမ်း မောပါပြီလား။

'ကဲ... လာ... စက်ဘီးပေါ်တက်'

ဘယ်နေရာမှ မရောက်နိုင်မည့် မတ်တပ်ရပ်နေသည့် စက်ဘီးလေးပေါ်ကို တက်ရပြန်သည်။

'ဒီတစ်ခါတော့ နင်းတဲ့အခါ ကိုယ်ကို မတ်မတ်ထား။ ပေါင်ပေါ်မှာ အားပြု၊ ခြေထောက်တွေ စက်ဘီးနင်းသလို လှုပ်ရှားတဲ့အတွက် ဒူးတွေ သန်လာမယ်။ ပေါင် တစ်လျှောက်ခြေချောင်းတွေ လှုပ်ရှားမှုရှိတဲ့အတွက် အဆီတွေကျလာမယ် ကြွက်သားတွေ သန်မာလာမယ်'

ဆရာက ကစားနည်းတွေ အကျိုးကျေးဇူးတွေ တစ်တွဲစီ၊ တစ်တွဲစီ ပြောပြပြီး စိတ်ရှည် လက်ရှည်စောင့်ကြည့်နေသည်။ ကိုယ်ကသာ စမ်းတဝါးဝါးနှင့် ဆွံ့ဆွံ့အအ လုပ်နေပေမယ့် ကစားနှင့်နေသူတွေကတော့ ကိုယ်နှင့်ဆိုင်ရာ လေ့ကျင့်ခန်းတွေကို မြန်မြန်သွက်သွက် လုပ်နေ ကြသည်။ အားကျစရာ။ သူတို့တွေလို ကိုယ်ကမသွက်သေး။ တစ်ခုခုလှုပ်ရှားလိုက်လျှင် အဆစ်တွေ၊ အရိုးတွေပြုတ်ထွက်သွားလေမည်လား တုံ့ဆိုင်းနေသည်။ စက်ဘီးစီးပြီးနောက် ဆရာက အလေးတွေ တစ်ပုံတစ်ခေါင်ကြီး စုတပ်ထားသည့် ကိုယ်လုံးပေါ်မှန်ရှေ့သို့ ခေါ်သွားသည်။

'ဘုရား…ဘုရား အလေးများ မခိုင်းဦးမှာလား'စိုးရိမ်သွား၏ ။ ဆရာကတော့ အသေးဆုံး အလေးတုံးလေးနှစ်တုံးကို အသာလေးကောက်ကိုင်ပြီး လက်လေ့ကျင့်ခန်းစတင်လေပြီ။

'ဒါကတော့ ဆရာမအတွက် နောက်ကျောမတက်အောင်လို့။ လက်မောင်းနှင့် လက်ဖျံကြွက် သားတွေ တင်းတင်းရင်းရင်း သန်မာအောင်လို့။ မှန်ဘက်ကို လှည့်လိုက်။ ဒီအလေးလေးတွေကို တစ်ဖက်တစ်ချက်ကိုင်၊ လက်ကို ဒီလိုမြှောက်၊ အသက်ဝဝရှူ။ ဟုတ်ပြီ။ မတင်၊ ပြန်ချ။ လွယ်ပါတယ်။ ကဲ…စ။

အပေါ့ဆုံး အလေးကို စကိုင်ရတာ ဆိုတော့ သိပ်မခက်။ နိုင်နိုင်နင်းနင်းလည်းရှိပြီး လေ့ကျင့် ခန်းကလေးက လွယ်တော့ မှန်ရှေ့မှာ အဆင်ပြေနေသည်။

'ဖြည်းဖြည်းချင်းပေါ့ ဆရာမရယ်။ နောက်တော့

ဟောဒီအလေးတုံးကြီးကို ဆရာမတစ်ယောက် တည်းတောင် မ နိုင်သွားဦးမယ်။ ဘာပဲဖြစ်ဖြစ် ဖြည်းဖြည်းချင်း တိုးတိုးသွားရင် ဝန်မပိပါဘူး’တဲ့။

‘ဝန်မပိပါဘူး။ ဝန်မပိပါဘူး’ ဆိုတဲ့ စကားကို ကျွန်မလည်းပြောဖြစ်ခဲ့သည်။ ကလေးတစ် ယောက်၏ အဘိုးကို ဖြစ်ပါသည်။ ထိုနေ့က ချစ်စရာကောင်းသောကလေးတစ်ယောက်၏ မျက်နှာသည် အခု မှန်ထဲမှာပေါ်နေသော ကျွန်မ၏ မျက်နှာလိုပင် သင်ခန်းစာနံပါတ်တစ်ကို စူးစမ်းသော မျက်ဝန်းများ နှင့်၊ မျက်နှာငယ်ကလေနှင့် လက်ခံခဲ့သည်။ ကျွန်မ ထိုကလေးကို စွဲလမ်းစွာ သတိရနေမိသည်။ သူလည်း ကျွန်မအတွက် ‘ထို့ကြောင့်’ထဲမှ အစက်ကလေးတစ်စက်။

ကလေးလေးက အသားညိုညို။ သေးသေးညှက်ညှက်၊ မျက်လုံးပြူးပြူးကလေး။ ထူးခြားလှ သည်က ကလေး၏ မျက်ဝန်း ဖြစ်ပါသည်။ အဲဒီ သူတော်ကောင်းကလေးက ခုလို ပေကလပ်နှင့်။ ကွယ်ရာမှာတော့ အလွန့်အလွန်ကို ရှာရှာဖွေဖွေ ဆော့တတ်သူ။ သူငယ်ချင်းကြားမှာ ဆရာတစ်ဆူ။ မိသားစု၏ မောင်နှမ ရှစ်ယောက်မှာ သားအကြီးဆုံး။ ရောက်နေသော အတန်းက ရှစ်တန်း။

‘ဆရာမရေ၊ မြေးကလေးက အစမ်းစာမေးပွဲမှာ ဘာသာစုံကျတယ်’

ခုချိန်မှာ မိဘအချို့ ခေတ်မီစပြုလာခဲ့ပြီ။ လွန်ခဲ့သောသုံးလေးနှစ်လောက်ကဆို ကလေးတွေ တက္ကသိုလ်ဝင်တန်းကိုရောက်မှ မိဘများ လှုပ်လှုပ်ရှားရှား ဖြစ်လာတတ်ကြသည်။ ဒါပေမယ့် တချို့ကလေးများအတွက် အလာကောင်းပေမယ့် အခါနှောင်းနေလေပြီ။ နောက်တစ်နှစ်၊ နောက်တစ် နှစ်မှပင် ထော့နဲ့ထော့နဲ့ စာမေးပွဲ အောင်ကြရ၏ ။ ခုတော့သည်လိုမဟုတ်။ ‘အမှတ်ကောင်းကောင်း လိုင်းကောင်းကောင်း အသံတွေကျယ်လာခဲ့ပြီ။ ထိုအခါ တစ်နှစ်စာ ပူပန်ရုံဖြင့် မလုံလောက်တော့မှန်း လည်း သိလာကြတော့၏ ။ အလယ်တန်းအဆင့်မှ အထက်တန်းအဆင့်သို့ ကူးပြောင်းသော နဝမတန်း အဆင့်ကိုလည်း ဂရုစိုက်ဖော်ရလာ၏ ။

ထိုသို့စဉ်းစားရခြင်းအတွက် မိဘများကို ကျွန်မအားနာပါသည်။ ဒါပေမယ့် ကလေးတစ်ယောက်သည် 'ထို့ကြောင့်အစက်ကလေး သုံးစက်ထဲမှ တစ်စက်မျှသာ' ဖြစ်သည်။ ကလေး၏ အရင်းအမြစ်မှာ မိဘဖြစ်သောကြောင့် မိဘက ကလေးကို ပုံမှန်အတိုင်း ပညာ သင်စရိတ်ထုတ်ပေးနေခြင်းထက် ပညာရေးကို ဂရုတစိုက် ရှိလာခဲ့ခြင်းမှာ မင်္ဂလာတစ်ပါးဖြစ်နေသည်။

တကယ်တော့ ကလေးလေးက ကျွန်မ စာသင်ပေးခဲ့ရသော တပည့်စစ်စစ်တစ်ယောက်တော့ မဟုတ်ခဲ့ပေ။ သူ့အဖေက ဆေးကုမ္ပဏီတစ်ခုမှာ လုပ်သည်။ ကျွန်မက ကလေးအဖေ၏ ဆေးဝယ်သူ ထာဝရဖောက်သည်တစ်ယောက်အဖြစ် ခင်မင်ခဲ့ကြခြင်း ဖြစ်သည်။

အသက်ရှိနေသမျှ သောက်နေရမည့် ဆေးတစ်မျိုးအတွက် ကလေး၏ အဖေအလုပ်လုပ်သော ဆေးကုမ္ပဏီနှင့် ဆက်သွယ်ထားရသည်။ လစဉ် ဆေးလာပို့ရင်း မိသားစုအကြောင်းစကားစပ်ကြရင်း ကလေးလေး ခုနှစ်တန်းဖြေပြီးသောနှစ်က ကျွန်မ၏ နွေသင်တန်းကလေးမှာ ကလေးကို မေတ္တာဖြင့် ခေါ်သင်ပေးခဲ့ခြင်းမှ အစပြုခဲ့လေသည်။

လျှောက်လွှာဖြည့်သော နေ့မှာပေ့ါ။ လျှောက်လွှာထဲမှာပါသည့် တက်ရောက်မည့်အတန်းကို ဖြည့်သောအခါ 'အပ်ထမတန်း'တဲ့လေ။ ကျွန်မသူ့ကို ထိတ်လန့်စွာ မော့ကြည့်၏ ။ ဒီကလေး အစ အနောက် သန်လှချည်လားလို့ ထင်မိပေမယ့် သူကတော့ နားဝေတိမ်တောင် မျက်နှာလေးဖြင့် ကျွန်မကို ပြန်ကြည့်သည်။

ဒါ စာလုံးပေါင်းမှန်လား။ ကျွန်မ သူ့ကို မယုတ်မလွန် လေသံအေးဖြင့် မေးပါသည်။ ကြောင်တောင်တောင်ဖြင့် ပြန်ကြည့်ရုံမှ လွဲ၍ ဘာမှမပြော။

'သား တက်မယ့်အတန်းကို စာလုံးမပေါင်းတတ်ဘူးလား'ဟု မေးတော့...

'တက်မှ မတက်ရသေးတာ'တဲ့။ ကဲ… သူကစတာမဟုတ်။ ရိုးသားစွာ ဖြေခြင်းဖြစ်သည်။ သူ့ရိုးသားမှုကလေးကိုက ဝမ်းနည်းစရာ ကောင်းနေပြန်ပါတော့သည်။ ဒီ့ထက် နည်းနည်းလေး ပိုသင် ကြည့်သောအခါ စာလုံးပေါင်းအမှားအယွင်းတွေ အများကြီးနှင့် သူ့ဒုက္ခကို ဒီအတိုင်းထား၍ မရနိုင်တော့။

မိဘနှင့်တွေ့ပြီးဆွေးနွေးသောအခါ အဖေကိုယ်စား အဘိုးက လာရရှာသည်။ အဖေက တစ်လမှာ ခရီး ၇ခါ ထွက်ရသတဲ့။ တစ်ခါထွက်လျှင် ၄ ရက်ကြာသတဲ့။ ကဲ… ကျွန်မ၏ ဆေးအရောင်း သမားကလေးကို ကျွန်မ တတ်နိုင်သည့်ဘက်မှကူ၍ ဆေးခါးကြီး တိုက်ရပေတော့မည်။

'ဝန်ပိသောကိစ္စ'နှင့်ပတ်သတ်၍ ပါ။ အငယ်တန်းတွေတုန်းက မကျက်ခဲ့သည့်စာ၊ မကျေခဲ့သည့် စာသည် အတန်းကြီးလာသောအခါ ဘေးထွက်ဆိုးကျိုးများစွာနှင့် ဒုက္ခပေးတော့မည်။ ကလေးအတွက် ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်ပေတော့မည်။ နွေထဲမှာ တတ်နိုင်သမျှ နောက်ကြောင်းပြန်သင့်ကြောင်း အကြံ ပေးရပါသည်။ 'ဟုတ်ကဲ့' ဆိုပြီး အဖေရော၊ သားရော ပျောက်သွားလိုက်ကြတာ အဘိုးလုပ်တဲ့သူ ရောက်လာမှ ကလေး၏ ကျန်းမာရေးချို့တဲ့လှသော ပညာရေးကို သိရတော့သည်။

'ဆရာမရယ်၊ အဖေကလည်း ခရီးထွက်၊ အမေကလည်း ကျန်တဲ့ ကလေးအငယ်တွေကိစ္စနဲ့ သူ့ကို လှည့်မကြည့်နိုင်ဘူး။ ကျွန်တော်ကလည်း ကိုယ့်အလုပ်နဲ့ကိုယ်ဆိုတော့ သူ့ကို ဘာသာစုံသင်တဲ့ ကျူရှင်လေးတစ်ခုကို ပို့လိုက်ပါတယ်။ အခု သူဘာသာစုံကျတယ်ဆိုတာ အဲဒီ ကျူရှင်ကပြောလို့ သိ ရတာ ။ ဒီတော့ သူ့ကို အချိန်ပိုခေါ်ပြီး သင်ပေးမယ်လို့ပြောပါတယ်'

အဘိုးက တရားဟောဆရာကြီးတစ်ဦးဖြစ်ပါသည်။ ဘာသာရေးကိစ္စတွေလုပ်နေသည့်ကြားက အပြေးအလွှား ရောက်လာခဲ့ခြင်းပင်။

‘ကလေးက မနက်စောစော ကျူရှင်သွားရတယ်။ နောက်ပြီး ကျောင်းဆက်သွားရတယ်။ ပြီးတော့ ကျူရှင်ကို ပြန်သွားရတယ်။ နောက်ထပ် စာကျက်ဖို့အတွက် ကျူရှင်မှာ ဆက်နေရဦးမယ်ဆို ရင် အရှည်အတွက် ဖြစ်နိုင်ပ့ါမလား’တဲ့။ အဘိုး၏ စိတ်ပူပန်မှုကို နားလည်ပေးနိုင်ပေမယ့် ဒီအတိုင်း သင်လျှင် ကလေးအောင်မြင်မှုရနိုင်၊ မရနိုင်ကိုတော့ ကျွန်မမပြောနိုင်ပါ။

ကလေးထမ်းပိုးထားရမည့် ဝန်ထုပ်ဝန်ပိုးကြီးများသည် ကျွန်မ၏ မျက်စိရှေ့တွင် အပုံလိုက်ရှိနေ သော အလေးပြားများအတိုင်းပင်။

‘ကဲ… တစ်နေရာ ပြောင်းကြဦးစို့’

ဆရာက နောက်လေ့ကျင့်ခန်းသစ်တစ်ခုဆီသို့ ခေါ်သွားပြန်ပြီ။

‘မောနေပြီလား’တဲ့။

‘မောသင့်တဲ့အတွက် မောရမှာပေ့ါ ဆရာရယ်’ဟု ကျွန်မက ခံစားချက်နှင့် နှောပြီး ဖြေမိသည်။ အလေးကိုထမ်းပြီး ထိုင်ထလုပ်ရန် ဆရာက ကျွန်မကို ညွှန်ကြားနေသည်။ ဒါပေမယ့်…

‘မနေ့က အောက်အထိ ထိုင်တယ်နော်။ ဆရာမ မရသေးဘူး။ လုပ်နေရင်း အသက်ရှူရပ်သလို ဖြစ်သွားတယ်။ ဒါပေမယ့် ဆက်တော့လုပ်ဦးမှဖြစ်မှာမို့တစ်ဆင့်ပြန်ဆုတ်မယ်။ ပြန်ကျင့်မယ်။ ဒီနေ့ တစ်ဝက်ပဲ ထိုင်ဦးမယ်။ ဖြည်းဖြည်းချင်းတော့ရမှာပေ့ါ။ ဖြစ်မလား’တဲ့။

ဆရာက သနားကြည့်နှင့်ကြည့်ပြီး အဆင့်တစ်ဆင့် လျှော့ပေးသည်။ တကယ်တော့ ကျွန်မ စာမေးပွဲကျခြင်းပင်။ ကျန်းမာရေးကြောင့် ပြင်းပြင်းထန်ထန် မလုပ်သင့်ဘူးဆိုသော အကြောင်းပြချက် ကောင်း ရှိနေသော်ငြားလည်း ကျွန်မတစ်ဆင့်နိမ့်သော သင်ခန်းစာဖြင့် ပြန်ကစားရခြင်းသာဖြစ် ပါသည်။ ဒါပေမယ့် ကျွန်မလက်ခံသင့်သည်။ ‘ဝန်နှင့်အား’မျှရန်အတွက် နောက်တစ်လှမ်း ဆုတ်။

'ကလေးကို ဒီအတန်းမှာဘဲ နောက်တစ်နှစ်ဆက်နေခိုင်းပြီး ဖိဖိစီးစီးစီးလေး လုပ်ပေးရင် ဘယ်လိုနေမလဲ အဘိုး'

အဘိုးက တွေဝေစွာဖြင့် ငြိမ်သက်နေသည်။ ကျွန်မအတွက် လေ့ကျင့်ခန်းတစ်ဆင့် လျှော့လုပ် ရတာ နှင့် ကလေး တစ်နှစ်စာ အတန်းကျတာ ဆောင်ရွက်မှု သဘောတရား အတူတူပင်ဖြစ် သော်လည်း ကာယကံရှင်အတွက်တော့ ခံစားချက်ခြင်းကွာခြားနိုင်ပါသည်။ ဒါပေမယ့် ကလေးလေး၏ အခြေအနေက နောက်တစ်လှမ်း ဆုတ်ကိုဆုတ်သင့်တာမို့ ကျွန်မစိတ်မကောင်းစွာပင် ဖွင့်ပြော မိသည်။

အဘိုးလုပ်တဲ့သူက ငြိမ်သက်သွား၏ ။

'အင်း... ဒီကိစ္စကို သူ့အဖေနဲ့ တိုင်ပင်ရဦးမယ်နဲ့တူတယ်။ ခုချိန်ထိ သိထားတာတော့ ကလေးကို စာကျက်ဖြစ်အောင် ဝိုင်းတွန်းပေးကြဖို့ အစီအစဉ်ပဲရှိတာ'ဟု ဆိုပါသည်။

ရှစ်တန်းစာတောင် မနိုင်မနင်းဖြစ်နေသော ကလေးကို ကိုးတန်းမရောက်ရောက်အောင်တွန်း တင်လျှင် သူ့ဦးခေါင်းပေါ်သို့ ပိလာမည့်ဝန်က မတွေးဝံ့စရာ။

'ဆရာမ ပြောတာ သဘာဝ ကျပါတယ်။ လုပ်လည်း လုပ်သင့်ပါတယ်။ ဒါပေမယ့် တစ်နှစ်ဆိုလည်း တစ်နှစ် အသက်ကြီးလာမယ်။ ပြီးတော့ သူကအကြီးဆုံးသားပါ။ သူ့အောက်မှာ ဘုစုခရု ခုနှစ်ယောက် ရှိသေးတယ်ဆိုတော့ အင်း... ဒီကောင်ကလည်း တွန်းတိုင်းရမယ့်ပုံ မရှိပါဘူးလေ။'

အဘိုး၏ ရင်ထဲမှာ ဘယ်လောက်ထိအောင် ဗလောင်ဆူနေမလဲ။ ကျွန်မစာနာနိုင်ပါသည်။

'ကဲပါလေ။ တစ်ခုခုတော့ အဆင်ပြေသွားမှာပါ။ အချိန်ကျလာတော့ ဝိုင်းပြီးစဉ်းစားကြတာပေါ့ အဘိုးရယ်'ဟု သောင်တင် ရေမကျ

နှစ်သိမ့်ထားရပါသည်။ တကယ်တော့ ကလေးတစ်ယောက်၏ အချိန်၊ ကြိုးစားမှု၊ အခြေအနေများကို အချိန်မဆွဲစကောင်းပေ။

ဒီလိုနှင့် ကလေး၏ ဖခင် ပြန်ရောက်လာခဲ့သော အချိန်တွင် ကလေးအတွက်ဆွေးနွေးရပြီဟု ထင်မှတ်ထားမိခဲ့ပေမယ့် ကျွန်မ ထင်သလို ဖြစ်မလာခဲ့။

'မောလိုက်တာ ဆရာမရယ်။ ဒီတစ်ခေါက်တော့ စီးပွားရေး ကျားကွက်ဖော်ရတာ အသေအကျေပါပဲ'ဟု ဆိုပြီး ကလေးအတွက်မပါသေးဘဲ လက်ငင်းကြုံခဲ့ရသည့် ဈေးကွက်ဝင်ဆေးဝါးများအကြောင်း မနားတမ်းပြောတော့သည်။

'တကယ်တော့ အစမ်းသဘောတင်လိုက်တဲ့ ဆေးတွေက တကယ်ကောင်းတော့ အဝယ်လိုက် လာရော။ အမှာတွေ အများကြီးရတယ်။ အဲ... အမှာတွေလည်းလိုက်ပါရော ပိတ်ချပစ်လိုက်တာဗျာ။ တစ်လလောက်ကျော်မှ ပြန်ဖွင့်တော်မူတယ်။ ဖွင့်လည်းဖွင့်ရော ဈေးက တန်းလိုက်တော့တာပဲ။ ဒီကောင်တွေ အဆုတ်အတက် အရမ်းကို လုပ်တတ်တယ်။ ကမ်းကိုကုန်ရော'တဲ့။

'ဆေးဆိုတာက ဆရာမရဲ့ရောဂါနဲ့တည့်ပြီဟေ့ဆိုရင် တကယ်ကို ဈေးကွက်ဝင်တော့တာ။ ဒါက လူ့ကျန်းမာရေးလေ မဟုတ်ဘူးလား။ ကျွန်တော်တို့အရောင်းသမားတွေဟာ တကယ်ပဲ ကံကောင်းပါတယ်။ ကုသိုလ်လည်းရ ဝမ်းလည်းဝဆိုသလိုပေါ့။

နောက်ပြီး ဈေးကွက်သဘောကို နားလည်အောင် တစ်ချက်ကလေးကြိုးစားလိုက်တာနဲ့ ဆုတ် တတ်တက်တက်သွားတော့တာပဲလေ။ ဒီတစ်ခေါက် ကျွန်တော်တို့ကုမ္ပဏီရဲ့ စွမ်းဆောင်မှုက စံချိန်အားလုံးကို ချိုးသွားတာပဲ'

ဆေးအရောင်းသမားကလေး၏ မျက်နှာက ဝင်းပကြည်လင်နေသည်။

သူ့ကြိုးစားမှုကို သူကျေနပ်နေဟန်ရှိသည်။ ကျွန်မက သူ၏ သားလေးကိုလည်း သူ့လို ယုံကြည်မှုတွေ ရှိနေစေချင် ပါသည်။

ကျွန်မက ကလေးကို စာမေးပွဲ တမင်ကျစေရမည်ဟု မဆိုလို။ မအောင် အောင်အောင် ဖွတ်မတွန်းဖို့သာ တောင်းဆိုသည်။ ဆေးအရောင်းသမားကလေး၏ မျက်နှာသည် တဖြည်းဖြည်းနှင့် ညစ်နွမ်းလာသည်။ အပြုံးအပျော်များ ချက်ချင်းလွင့်စင်သွားသည်။ ပြုတော့မည့် မိုးတိမ်မည်းလို သုန်သုန်မှုန်မှုန်ကြီးနှင့် ကျွန်မကို တစ်ခွန်းတည်းသာ စကားဆို၍ လှည့်ပင်မကြည့်ဘဲ ထွက်သွား ပါလေရော။ သူ့စကားကို ကျွန်မ ဘယ်သောအခါမှ မေ့မည်မထင်။

**ဝင်းဝင်းမြင့်(နန်းတော်ရှေ့)**

**၂၀၀၈ ခုနှစ်၊ မတ ီ၊ ဖူးငုံဆယ်ကျော်သက်မဂ္ဂဇင်း။**

***